**ရှမ်းပြည်မြစ်ချောင်းများကွန်ယက်၏ထုတ်ပြန်ကြေညာချက်**

မတ်လ ၁၅ ရက် ၂၀၂၄

## အပြည်ပြည်ဆိုင်ရာမြစ်ချောင်းများနေ့တွင် ရှမ်းပြည်အတွင်းရှိ မြို့နယ် ၃ ခု၌ ဒေသခံများစုစည်းကာ ရေကာတာ စီမံကိန်းများ ရပ်တန့်ရန် နှင့် မြစ်ချောင်းများအတွက် ဆုတောင်းပွဲကျင်းပပြုလုပ်ခဲ့

အပြည်ပြည်ဆိုင်ရာမြစ်ချောင်းများနေ့အထိမ်းအမှတ်အဖြစ် ရှမ်းပြည်မြောက်ပိုင်း သီပေါမြို့နယ်၊ ကျောက်မဲမြို့နယ် နှင့် ရှမ်းပြည်တောင်ပိုင်း ကွန်ဟိန်မြို့နယ်တို့တွင် ဒေသခံပြည်သူများနှင့် လူငယ်များသည် မြစ်ချောင်းများနံဘေး တွင်စုစည်းကာ ရှမ်းပြည်အတွင်းရှိရေကာတာစီမံကိန်းများရပ်တန့်ရန်နှင့် မြစ်ချောင်းများရေရှည်တည်တံ့ကာ လွတ်လပ် စွာစီးဆင်းနိုင်စေရန် ဆုတောင်းပွဲများကို ကျင်းပပြုလုပ်ခဲ့ကြပါသည်။

မတ်လ ၁၄ ရက်နေ့တွင် ရှမ်းပြည်မြောက်ပိုင်း သီပေါမြို့ နမ္မကျေးရွာအုပ်စုမှ ဒေသခံပြည်သူ ၂၀၀ ခန့်သည် နမ္မမြစ်အနီးတွင် "ကမ္ဘာတည်သရွေ့ကျွန်ုပ်တို့ရဲ့ မြစ်တွေလွတ်လပ်စွာစီးဆင်းနိုင်ပါစေ"၊"ရှမ်းပြည်ကမြစ်တွေလွတ် လပ် ပါစေ ရှမ်းပြည်သူတွေလွတ်လပ်ပါစေ"အစရှိသည့် သျှမ်းမြန်မာ နှစ်ဘာသာဆိုင်း ဘုတ်များကိုင်ဆောင်ကာစု ဝေးခဲ့ကြသည်။ထို့နောက်ဒေသခံပြည်သူများသည် ရှမ်းရိုးရာထုံးတမ်းစဉ်လာများနှင့် အညီ မြစ်ချောင်းများအတွက် ဆုတောင်းပွဲကို ကျင်းပပြုလုပ်ခဲ့ကာ နမ္မတူမြစ်၏မြစ်လက်တက်ဖြစ်သောနမ္မမြစ်ထဲသို့ ဖောင်မျောကာ နမ္မမြစ် တွင်ရေကာတာတည်ဆောက်ခြင်းကိုကန့်ကွက်မှုအားပြသခဲ့သည်။



*နမ္မကျေးရွာခန်းမတွင်စုဝေးနေကြသောဒေသခံများ*



*နမ္မမြစ်ဘေးမှဒေသခံပြည်သူများ*



*နမ့်မြစ်လွတ်လပ်စွာစီးဆင်းနိုင်စေရန် ဖောင်မျှောခြင်း*

အလားတူရှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့တွင်လည်း မတ်လ ၁၄ ရက်၌ဒေသခံလူငယ် ၃၀ ခန့်သည် နမ့်တူမြစ်(ဒုဋ္ဌဝတီမြစ်)ကမ်းဘေးတွင် စုဝေးကာ နမ့်တူမြစ်အပါအဝင် ရှမ်းပြည်အတွင်းတည်ဆောက်နေသော ရေကာတာ များကိုရပ်တန့်ရန် ဆိုင်းဘုတ်များဖြင့် ဆန္ဒထုတ်ဖော်ခဲ့ကြပါသည်။

နမ့်တူမြစ်သည် ရှမ်းပြည်မြောက်ပိုင်း၏အဓိကမြစ်တခုဖြစ်ပြီး ဒေသခံ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် အဓိကအားထားရာဖြစ်သည်။မြောက်များစွာသောဒင်း၏ မြစ်လက်တက်များသည် ကျောက်မီးသွေးတူးဖော်မှုကြောင့် တိမ်ကောလာပြီဖြစ်သည်။

လွန်ခဲ့သည့်လများမှစတင်ကာ နမ့်တူမြစ်တစ်လျှောက်ရှိမြို့များတွင် စစ်ကောင်စီနှင့် တော်လှန်ရေး အဖွဲ့များ ကြား ပဋိပက္ခများပြင်းထန်လာသော်လည်း ကျောက်မဲမြို့နယ် တောင်ခြေရွာရှိ အထက်ရဲရွာရေကာတာစီမံကိန်းနှင့် သီပေါမြို့ မိုးတေကျေးရွာအနီးရှိ နမ့်တူရေကာတာစီမံကိန်း တည်ဆောက်မှုများမှာ ဆက်လက်လည်ပတ် လျက်ရှိသည်။

ရှမ်းပြည်တောင်ပိုင်း ကွန်ဟိန်မြို့တွင်လည်း မတ်လ ၁၄ ရက်နေ့၌ ဒေသခံများ ၁၀၀ ခန့်သည် အပြည်ပြည်ဆိုင်ရာ မြစ်ချောင်း များနေ့အထိမ်းအမှတ်အဖြစ်စုဝေးခဲ့ကြသည်။

**ဆက်သွယ်ရန်**


| | | |
|---|---|---|
| စိုင်းလိန် | @egel69 (Telegram) | |
| စိုင်းဟော်ရှဲန် | +၆၆ ၉၉ ၂၄၆ ၅၆၇၃/ +၆၆ ၉၄ ၇၂၈ ၆၆၉၆ | Signal (ရှမ်း, အင်္ဂလိပ်) |
| ယိင်းလျန်းဟန် | +၆၆ ၉၉ ၂၈၉ ၆၀၈၀ | Signal (မြန်မာ) |